လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

**ရည်ညွှန်းချက် - သြစတြေးလျ ကလေးငယ်များ၏ ကနဦးဖွံ့ဖြိုးမှုစစ်တမ်း**

ဤစာနှင့် ပူးတွဲဖော်ပြထားသည့် အချက်အလက်စာစောင်တွင် သြစတြေးလျ ကလေးငယ်များ၏ ကနဦးဖွံ့ဖြိုးမှုစစ်တမ်း (Australian Early Development Census (AEDC))နှင့် သင့်ကလေး/ကလေးငယ်များ၏ ကိုယ်ရေးအချက်အလက်များကို ကိုင်တွယ်စီမံမည့် အဆိုပြုနည်းလမ်းများ နှင့်ဆိုင်သည့် အရေးကြီး အချက်အလက်များ ပါဝင်သည်။

ကျွန်ုပ်တို့ကျောင်းသည် ယခုနှစ် မေလမှ ဇူလိုင်လအတွင်း AEDC တွင် ပါဝင်သွားမည်ဖြစ်သည်။ AEDC သည် သြစတြေးလျအစိုးရက ပြည်နယ်နှင့် နယ်မြေအစိုးရများနှင့် ပူးပေါင်း၍ သုံးနှစ်တစ်ကြိမ်ပြုလုပ်သည့် နိုင်ငံလုံးဆိုင်ရာ စစ်တမ်းတစ်ခုဖြစ်သည်။ ၎င်းသည် ကလေးသူငယ်များ အချိန်ပြည့်ကျောင်းတက်ရသည့် ပထမဆုံးနှစ်ကို စတင်တက်ရောက်ချိန်၌ မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသလဲဆိုတာ တိုင်းတာခြင်းဖြစ်သည်။

AEDC သည် မိမိဆန္ဒအလျောက် ပါဝင်ရသည့်စစ်တမ်းဖြစ်ပြီး ကလေးသူငယ်များ ကျောင်းတွင် မည်မျှတော်ကြောင်း သို့မဟုတ် ၎င်းတို့၏ ကျောင်းသည် အခြားကျောင်းများနှင့် မည်မျှယှဉ်နိုင်ကြောင်းတို့ကို တိုင်းတာခြင်း မဟုတ်ပါ။ ယင်းအစား ကလေးသူငယ်များသည် အဓိကကဏ္ဍ ငါးခုတွင် ကြီးထွားလာပုံ၊ တိုးတက်လာပုံ၊ မည်သည့် အချက်များတွင် ကောင်းစွာဆောင်ရွက်နိုင်ပြီး မည်သည့်အချက်များတွင် တိုးတက်လာနိုင်သည်ကို ပြသခြင်းဖြစ်သည်။ AEDC ဒေတာအချက်အလက်များကို ကလေးသူငယ်များနှင့် မိသားစုများအတွက် ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများ တိုးတက်ရေးနှင့် စီစဉ်ရေး အထောက်အကူရရန် ကျောင်းများ၊ ရှေးဦးကလေးငယ်ဘဝဆိုင်ရာ အဖွဲ့အစည်းများ၊ သုတေသီများနှင့် အစိုးရအဖွဲ့များက အသုံးပြုခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးများအားလုံးအတွက် ကျောင်းစတက်သည့် ပထမဆုံးနှစ်တွင် AEDC ၌ ပါဝင်ရန် အရေးကြီးသည်။ AEDC ဒေတာအချက်အလက်များကို အသုံးပြုပုံနည်းလမ်းများနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက https://www.aedc.gov.au/ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာပါ၊

**သင့်ကလေးအတွက် မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။**

AEDC ကို ဆရာ/ဆရာမများက ကလေးငယ်များနှင့်ပတ်သက်သည့် ၎င်းတို့၏ ဗဟုသုများကို အခြေခံ၍ ကောက်ယူခြင်းဖြစ်သည်။ ကလေးသူငယ်များအနေဖြင့် စစ်တမ်းတွင်ပါဝင်ရန် မည့်သည့်အရာကိုမျှ လုပ်ဆောင်ရန် မလိုဘဲ စစ်တမ်းကောက်ယူနေစဉ်အတွင်း ပုံမှန်အတိုင်း အတန်းတက်ရမည်ဖြစ်သည်။

စစ်တမ်းကောက်ယူမှုကို အောက်ပါနေ့ရက်တွင် စတင်သွားမည် ဖြစ်သည် - ______________________

ရှေးဦးကလေးငယ်ဘဝ ဖွံ့ဖြိုးမှုဆိုင်ရာ အဓိက ကဏ္ဍငါးခုနှင့်ပတ်သက်သည့် မေးခွန်းများကို ဆရာ/ဆရာမများက ဖြေကြားသွားမည် ဖြစ်သည်။ ၎င်းတို့မှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး၊ စိတ်ဓာတ်ရင့်ကျက်မှု၊ လူမှုရေးစွမ်းရည်၊ ဘာသာစကားနှင့် ကျိုးကြောင်း ဆင်ခြင်နိုင်မှု စွမ်းရည်၊ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်နှင့် အထွေထွေ ဗဟုသုတတို့ ဖြစ်ကြသည်။ မေးခွန်းအားလုံးကို https://www.aedc.gov.au/avedi ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သင့်ကလေး ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကို အကာ အကွယ် ပေးမည်ဟု ယုံကြည်ထားနိုင်ပါသည်။**

သင့်ကလေး၏ အချက်အလက်များကို လျှို့ဝှက်ထားရန် မည်မျှအရေးကြီးကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ထို့ကြောင့် AEDC သည် အချက်အလက်များ ကောက်ယူရန်နှင့် ၎င်းတို့၏ အချက်အလက်များကို ထိန်းသိမ်းရန် လုံခြုံစိတ်ချရသည့် ဝက်ဘ်ဆိုက်ကို အသုံးပြုခြင်းဖြစ်သည်။

AEDC ဒေတာအချက်လက်များ (သင့်ကလေး၏ အချက်အလက်များ အပါအဝင်)အား ကောက်ယူပုံ၊ အကာအကွယ် ပေးထားပုံနှင့် အသုံးပြုပုံနည်းလမ်းများ နှင့်ဆိုင်သည့် အချက်အလက်များကို အချက်အလက်  စာစောင်တွင် ထပ်မံဖော်ပြထားပါသည်။

**မိဘများ အနေဖြင့်  လုပ်ဆောင်ပေးနိုင်သည့် အချက်များ**

AEDC ဆိုင်ရာ ရည်ရွယ်ချက်များအတွက် သြစတြေးလျအစိုးရ ပညာရေးဌာနအနေဖြင့် ကျွန်ုပ်တို့ကျောင်းထံမှ သင့်ကလေး၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူရန် သင်၏ ခွင့်ပြုချက်ကို တောင်းခံအပ်ပါသည်။ ၎င်းတွင် သင့်ကလေး၏ ကျန်းမာရေးနှင့်ပတ်သက်၍ သိရှိထားပြီးဖြစ်သည့် အချက်အလက်များ ပါဝင်သည်။

သင့်ကလေး၏ အချက်အလက်များအား ကောက်ယူခြင်းကို သဘောတူပါက သင့်အနေဖြင့် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မလိုအပ်ပါ။

သင့်ကလေး၏ အချက်အလက်များအား ကောက်ယူခြင်းကို သဘောမတူလျှင် အောက်တွင် ဖော်ပြထားသည့် ရက်စွဲမတိုင်မီ အောက်ပါစာရင်းတွင်ပါဝင်သည့် ပုဂ္ဂိုလ်ထံ ဆက်သွယ်ပေးပါ၊ သင့်ကလေး၏ အချက်အလက်မှန်သမျှကို ကောက်ယူသွားမည် မဟုတ်ပါ။

ဆက်သွယ်ရမည့်သူ၏ အမည် ______________________

ကျောင်းရှိ ဆက်သွယ်ရမည့်သူ၏ ဆက်သွယ်ရန် အသေးစိတ် အချက်အလက်များ ______________________

ကောက်ယူမည့်စာရင်းမှ ဖယ်ထုတ်ရန် ကျောင်းရှိ ဆက်သွယ်ရမည့်သူများ နောက်ဆုံး ဆက်သွယ်ရမည့် ရက်စွဲ ______________________

ဤကာလအပြီးနောက် သင်၏ ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။ ထိုသို့ရုပ်သိမ်းပါက ဩစတြေးလျအစိုးရ ပညာရေးဌာနသည် သင့်ကလေး၏ အချက်အလက်များအား အသုံးပြုခြင်းကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး အခြားသူများကို ပေးအပ်သွားတော့မည် မဟုတ်ပါ။ သို့သော် မျှဝေပြီးသော၊ ထုတ်ပြန်ပြီးသော သို့မဟုတ် ထုတ်ဝေပြီးသော အချက်အလက်များကိုမူ ဖယ်ရှားနိုင်မည် မဟုတ်ဘဲ ဆက်လက်အသုံးပြုနေနိုင်သည် (သို့သော် ထိုအချက်အလက်များတွင် သင့်ကလေးအား မည်သူမည်ဝါဖြစ်ကြောင်း တစ်ဦးချင်း ခွဲခြားသိရှိနိုင်မည် မဟုတ်ပါ)။

AEDC အကြောင်း ထပ်မံသိရှိလိုပါက AEDC ၏ ဝက်ဘ်ဆိုက်ဖြစ်သော https://www.aedc.gov.au/parents/faq-for-parents ရှိ အမေးများသော မေးခွန်းများကဏ္ဍတွင် ဖတ်ရှုပါ သို့မဟုတ် 1800 092 548 သို့ ဖုန်းခေါ်ဆိုပါ။

သင့်ကလေး၏ အချက်အလက်များကို ဤစာနှင့် အချက်အလက်စာစောင်တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက်သာ အသုံးပြုသွားမည်ဖြစ်သည်။ AEDC ဝက်ဘ်ဆိုက်တွင် ပါဝင်သည့် ကိုယ်ရေးကိုယ်တာဆိုင်ရာထုတ်ပြန်ချက်တွင် ၎င်းတို့၏ အချက်အလက်များကို အကာအကွယ်ပေးပုံနှင့် မျှဝေပုံများကို အသေးစိတ် ထပ်မံဖော်ပြထားပြီး www.aedc.gov.au/parents/privacy-statement ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ၊

AEDC ကို ကူညီမှုအတွက် ကျေးဇူးတင်ပါသည်။

ကျောင်းအုပ်ကြီး

**တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု**

ကျောင်းသို့ဆက်သွယ်ရာတွင် စကားပြန် အကူအညီ လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆို၍ ဖုန်းလက်ခံဖြေဆိုသူအား သင်လိုအပ်သည့် ဘာသာစကားကို ပြောပြပြီး ကျောင်းသို့ ဖုန်းခေါ်ဆိုနိုင်ပါ။ သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလက်ခံဖြေဆိုသူက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။